**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ (၃၀-၆-၂၀၂၆)**
**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မဲဆန္ဒနယ်က** မိုင်းခတ်မြို့နယ်၊ ပေွဖယ်ရွာမှ ပါပီကျေးရွာသွားလမ်း ၃/၀မိုင် မြေလမ်းပေါ်တွင် အရှည် ၂၀ ပေ ကွန်ကရစ် တံတား(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိလျှင်မည်သည့် အချိန်တွင်တည်ဆောက်ပေးမည်ကို သိလိုခြင်းအား မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေ သို့မဟုတ် ပြည်နယ်ရန်ပုံငွေမှ အဆိုပြု လျာထား ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးကျော်ငြိမ်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်က** တာချီလိတ်မြို့၊အောက်မိုင်း ဟဲကျေးရွာအုပ်စု သွားလမ်းမကြီးကို အရှည်(၂၂)မိုင်ကျော်ခန့် အကျယ်ပေ (၂၀)ရှိ မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်သို့ ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ယင်းလမ်းမကြီးကောင်းမွန်စေရန် မည်သို့စီမံဆောင်ရွက်ပေး သွားမည် သိလိုခြင်းအား မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** နိုင်ငံတော်၏ ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်ပြီး အဆိုပြုလျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးဌေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန်မဲဆန္ဒနယ်က** နမ့်စန်မြို့နယ်အတွင်းရှိ နမ့်စန်-မိုးနဲသွားလမ်းမကြီး ကတ္တရာလမ်း(၁၉.၅)မိုင်အနက် ဆောင်ရွက်ရန် ကျန်ရှိသော ကတ္တရာလမ်း(၁၆)မိုင်အား ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင်ကတ္တရာထပ်ပိုးလွှာ ၃ ဖာလုံ ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်လမ်းပိုင်း များအား လာမည့်ဘဏ္ဍာနှစ်များတွင် ပြည်ထောင်စုနှင့် ပြည်နယ် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၄။ | **ဦးဆင်ဆုန်း၊ ခေါင်လန်ဖူး မဲဆန္ဒနယ်က** ခေါင်လန်ဖူးမြို့နယ် မထီစွတ်-ဒါဘန်-မရန်ထ-ဆရဲဖာနှင့် အဘွမ်ထန်လမ်းပိုင်း ၃၅ မိုင်မှ ကျန်ရှိသော လမ်းပိုင်း ၂၁ မိုင်အား ဆက်လက်ဖောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ခေါင်လန်ဖူး-ဆရမ်ဖာလမ်း ဖောက်လုပ်ပြီးမှသာ လုံခြုံရေးကောင်းမွန်ပြီး စက်သုံးဆီနှင့်လုပ်ငန်းသုံး ပစ္စည်းများ လွယ်ကူစွာ ပို့ဆောင်နိုင်သည့်အချိန်တွင် သင့်လျော်သည့် ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဒေါ်နန်းသန်းသန်းမွှေး၊ မိုင်းကိုင် မဲဆန္ဒနယ်က** မိုင်းကိုင်မြို့နယ်တွင် ကျောင်းပေါင်း (၁၉)ကျောင်းမှ ဆရာ/ ဆရာမများ လစ်လပ်နေခြင်း၊ ဆရာ (၁)ဦးတည်းသာ တာဝန်ထမ်းဆောင်နေရခြင်းများကြောင့် လစ်လပ်နေသော နေရာများကို အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ကျောင်းဆရာ တစ်ဦး သို့မဟုတ် နှစ်ဦး တွဲဖက်သင်ကြားရန် ဆောင်ရွက်ထားရှိပါကြောင်းနှင့် ပညာရေးဒီဂရီကောလိပ်သင်တန်းဆင်း ဆရာများအား သတ်မှတ်မှုနှင့်အညီ ဖြည့်ဆည်းခြင်းနှင့် ရာထူး တိုး၊ ပြောင်း ဆောင်ရွက်ချိန်တွင် လျှောက်ထားသူရှိပါက ဦးစားပေးခန့်ထားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဒေါ်ခင်သန်းမြင့်၊ ပုပ္ပားတောင် မဲဆန္ဒနယ်က** မြန်မာနိုင်ငံအနှံ့ ကျေးလက်ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ/ဆရာမများအတွက် လုံခြုံစိတ်ချရသော ဝန်ထမ်းအိမ်ရာများ နှစ်အလိုက် စီမံကိန်းချ၍ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာ (၃၅)လုံး ဆောက်လုပ်ပေးလျက်ရှိပါကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၇။ | **ဦးတေဇကျော်၊ အောင်မြေသာစံမဲဆန္ဒနယ်က** အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်ရှိ အမက(၁၆)အမည်ပေါက် နှစ်(၃၀)ဂရန်မြေပေါ်တွင် ရပ်ကွက်လမ်းအဖြစ် အသုံးပြုနေမှုအား ဆက်လက်အသုံးပြုမည်ဆိုပါက ကျောင်းမြေနေရာကို ဂရန်မြေအဖြစ် သတ်မှတ်ပေးရန်နှင့် မြို့အင်္ဂါရပ်နှင့်ညီသော ကျောင်းအဆောက်အဦများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ကျောင်းပိုင်မြေအဖြစ် သတ်မှတ်ပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးနိုင်ရေး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အမြန်ဆုံး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဌာနပိုင်မြေ အတည်ပြုချက်ရရှိပါကမြို့အင်္ဂါရပ်နှင့်ညီသည့် ကျောင်းအဆောက်အဦ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးဝင်းဇော်ဦး၊ သာယာဝတီမဲဆန္ဒနယ်က** သာယာဝတီခရိုင်တွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခု ဆောက်လုပ်ပေးရန်နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ပြည်မြို့၊ ရန်ကုန်မြို့တို့နှင့် အလှမ်းမဝေးသည့်နေရာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခုခုချထားဆောက်လုပ်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးအောင်ဝင်းဆွေ၊ မြန်အောင်မဲဆန္ဒနယ်က** ရေဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့တွင် ဆရာအတတ်သင် သိပ္ပံ/ပညာရေးကောလိပ် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** လတ်တလောတွင် တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆရာအတတ်ပညာဆည်းပူးလိုသော ကျောင်းသား၊ ကျောင်းသူအရေအတွက်နှင့် နောင်ဖြစ်ပေါ်လာမည့် ခန့်မှန်းကျောင်းသားဦးရေများပြားလာမှုအပေါ် ကောလိပ်တစ်ခု တည်ထောင်ရန် လိုအပ်ချိန်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |